(၂) **ကြက်သွန်ဒေါင်းနီးမှိုရွက်ခြောက်ရောဂါ (Downy mildew)**

ရောဂါဖြစ်စေသောသက်ရှိ- *Peronospora destructor* (Berk.) Casp. ex Berk.

ရောဂါလက္ခဏာ

ကြက်သွန်အမြိတ်ပေါ်တွင် အစက်ပြောက်ကလေးများစတင်ဖြစ်ပေါ် ပြီး ၎င်းနေရာတစ်ဝိုက် ကျယ်ပြန့်လာသည်။ ၎င်းရောဂါကွက်များသည် အဝါဖျော့ရောင်ရှိပြီး မီးခိုးရောင် (သို့) ခရမ်း ရောင်အမွေးနုများဖြင့်ဖုံးလွှမ်းထားသည်။ အရွက်ထိပ် ဖျားမှာ အရောင်ဖြူ၍ လိမ်ကောက်ပြီး အောက်သို့ ငိုက်ကျ လျှက်ရှိသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါကင်းစင်သော မျိုးစေ့၊ ပျိုးပင်တို့ကိုသာ စိုက်ခင်းတွင် စိုက်ပျိုးပါ။
- ရေသွင်းရေထုတ်ညံ့သော မြေတွင် စိုက်ပျိုးခြင်းမှ ရှောင်ကြဉ်ပါ။
- ကြက်သွန်မျိုးရင်းဝင်မဟုတ်သော အခြားသီးနှံများနှင့် အလှည့်ကျ စိုက်ပျိုးပါ။
- ပေါင်းမြက်ရှင်းလင်းခြင်းသည် လေဝင်လေထွက် ကောင်းမွန်စေပြီး ရောဂါကျ ရောက်မှုကို လျော့နည်းစေသဖြင့် စိုက်ခင်းတွင် ပေါင်းမြက်မရှိစေရန် ဆောင်ရွက်ပါ။

- ရေပန်းစနစ်ဖြင့်ရေပေးသွင်းခြင်း (Sprinkler Irrigation) သည် ကြက်သွန် ဒေါင်းနီရောဂါ ကျရောက်မှုကို ပိုမိုဖြစ်ပေါ်စေတတ်သဖြင့် ၎င်းရေပေးသွင်း ခြင်းကို ရှောင်ကျဉ်ပါ။

- ရောဂါစတင်ကျရောက်ပါက Fosetyl-AL (ဖော့စတိုင်အေအယ်လ်) Azoxystrobin (အဇိုဆီစထရိုဘင်)၊ Cymoxanil (ဆိုင်မောက်စနေးလ်)၊ Dimethomorph (ဒိုင်မီသိုမော့ပ်)၊ Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)၊ Mancozeb (မန်ကိုဇက်)၊ Metalaxyl (မီတယ်လဆီ) စသော မှိုသတ်ဆေးများကို ပက်ဖျန်း အသုံးပြုပါ။